# ထုတ်ဝေသူ၏ အမှာ

ဤစာအုပ်သည် ဆယ်စုနှစ်များစွာ သူ၏ သက်ဦးဆံပိုင်ဆန်သော အုပ်ချုပ်မှုအောက်တွင် နယ်ချဲ့လက်အောက်ခံကျွန်းနိုင်ငံကလေးဖြစ်သည့် စင်ကာပူနိုင်ငံကို စက်မှုထွန်းကားခဲ့ပြီး အာရှတစ်ခွင်တွင် စီးပွားရေးနှင့် နိုင်ငံရေးစံနမူနာတစ်ခု ဖြစ်လာအောင် စွမ်းဆောင်ပေးခဲ့သည့်၊ နိုင်ငံတကာက သူ၏စွမ်းဆောင်ရည်ကို အလေးထား အသိအမှတ်ပြုခံရသည့် လီကွမ်ယူ၏ နိုင်ငံရေးမဟာဗျူဟာကို အမေရိကန် ဝါရင့်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားက ထုတ်ဖော်တင်ပြထားသည့် စာအုပ်ဖြစ်သည်။

လီကွမ်ယူသည် ကိုလိုနီ ဗြိတိသျှလက်အောက်ခံ စင်ကာပူ တရုတ်မိသားစုတစ်စုမှ မွေးဖွားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း စင်ကာပူ၏ ရက်စက်ကြမ်းကြုတ်သော ဂျပန်သိမ်းပိုက်မှုကို ငယ်စဉ်ကတည်းက တွေ့ကြုံခဲ့ရသည်။ ထူးချွန်ပြီး အလုပ်ကြိုးစားသော ကျောင်းသားတစ်ဦးအဖြစ် ထင်ရှားသူဖြစ်သည်။ စစ်ပြီးသွားသောအခါ ကိန်းဘရစ်ချ်တက္ကသိုလ်တွင် ပညာသင်ကြားပြီး ဥပဒေပညာဖြင့် အသက်မွေးရန် ကြံစည်ခဲ့သော်လည်း နိုင်ငံ၏အခြေအနေအရ နိုင်ငံရေးသမားတစ်ယောက် ဖြစ်လာသည်။

စင်ကာပူသည် ၁၉၆၃ တွင် လွတ်လပ်ရေးရခဲ့ပြီး မလေးရှားနှင့် ပေါင်းစည်းခဲ့သည်။ သို့သော် နှစ်နှစ်အကြာ ၁၉၆၅ ခုနှစ်တွင် မလေးရှားနှင့် ကွဲသွားပြီး လွတ်လပ်သော စင်ကာပူနိုင်ငံအဖြစ် လီကွမ်ယူသည် ဝန်ကြီးချုပ်၊ နိုင်ငံ့ခေါင်းဆောင် ဖြစ်လာခဲ့သည်။

ထိုအချိန်က စီးပွားရေးနှင့် လုံခြုံရေး အခြေအနေအရ မရေရာသော အခြေအနေတွင် ရှိနေခဲ့သည်။ နိုင်ငံအသစ်တစ်ခုအနေနှင့် စင်ကာပူသည် အလုပ်လက်မဲ့ဦးရေ ပေါများခြင်း၊ နေအိမ်အလုံအလောက်မရှိခြင်း၊ မြေနေရာနှင့် သဘာဝအရင်းအမြစ် ရှားပါးခြင်းစသည့် ပြဿနာများနှင့် ကြုံတွေ့ရသည်။ လီကွမ်ယူ ဝန်ကြီးချုပ်အဖြစ် အုပ်ချုပ်ခဲ့သော ၁၉၅၉ မှ ၁၉၉၀ အတွင်း နိုင်ငံ၏ စီးပွားရေး အခြေခံအဆောက်အအုံ၏ အုတ်မြစ်ကို ချပေးခဲ့သည်။

နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ဒတ်ချ်စီးပွားရေးပညာရှင် အဲလ်ဘတ် ဝင်းစီမီးယပ် (Albert Winsemius) ရေးဆွဲခဲ့သည့် စီမံကိန်းအပေါ်အခြေပြု၍ နိုင်ငံတော်မှ လမ်းညွှန်သည့် စက်မှုထုတ်လုပ်ငန်း ပြောင်းလဲမှုများကြောင့် အီလက်ထရွန်းနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ရေနံဓာတုလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတို့အပြင် ရိုးရာကုန်သွယ်ရေးနှင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းတို့ ပါဝင်သော ခေတ်သစ် စီးပွားရေးနယ်ပယ်တစ်ခုကို ဖန်တီးခဲ့သည်။

ထို့ပြင် လူမျိုးရေးပြဿနာများ၏ ခြိမ်းခြောက်မှုများကိုလည်း ကောင်းမွန်စွာ ကိုင်တွယ်နိုင်ခဲ့ပြီး ယောက်ျားလေးတိုင်း စစ်မှုမထမ်းမနေရစနစ်ဖြင့် လွတ်လပ်သောနိုင်ငံ၏ ကာကွယ်ရေးစနစ်ကို တည်ဆောက်ခဲ့သည်။

လီကွမ်ယူ၏ ထူးချွန်သော မဟာဗျူဟာဖြင့် ဆင်းရဲနွမ်းပါးသော ဆိပ်ကမ်းမြို့ဖြစ်သည့် စင်ကာပူကို ဖွံ့ဖြိုးပြီး သာယာဝပြောသော၊ လုံခြုံသော၊ အင်အားကြီးသော၊ ခေတ်မီပြီး ယဉ်ကျေးမှုပေါင်းစုံသော မြို့တော်နိုင်ငံအဖြစ် ဖန်တီးခဲ့သည်။ လီ၏ နိုင်ငံတည်ဆောက်ရေး မဟာဗျူဟာ၏ အဓိကအချက်မှာ "မိမိလူမျိုးကို ယုံကြည်ခြင်း" ဖြစ်သည်။ နိုင်ငံ၏ လူမျိုးစုနှင့် ယဉ်ကျေးမှု ကွဲပြားမှုများကြောင့် စင်ကာပူနိုင်ငံ၏ ခိုင်မာသော အမျိုးသားရေးလက္ခဏာတစ်ရပ် ဖွံ့ဖြိုးတိုးတက်မှုသည် သူ၏ ထင်ရှားသော နိုင်ငံရေးအောင်မြင်မှုတစ်ခုဖြစ်သည်။

သူ၏ နိုင်ငံရေးအရ ဦးဆောင်မှု၊ အုပ်ချုပ်ရေးအရ စွမ်းဆောင်နိုင်မှုတို့ကို ဝါရင့် နိုင်ငံရေးသမားကြီး ဟင်နရီကစ်ဆင်းဂျားက "အကောင်းဆုံး မဟာဗျူဟာ" ဟု သုံးသပ်ဖော်ပြပြီး သူ၏ ခေါင်းဆောင်မှုအကြောင်းကို ရေးထားသည်။ သူ၏ Leadership : Six Studies in World Strategy တွင် အခြားသော နိုင်ငံ့ခေါင်းဆောင် ငါးယောက်နှင့်အတူ သူတို့၏ နိုင်ငံတည်ဆောက်ခြင်း မဟာဗျူဟာများနှင့်ပတ်သက်၍ သူ၏ အတွေ့အကြုံများနှင့်ယှဉ်ပြီး သုံးသပ် ဖော်ပြထား သည်။

ဤစာအုပ်သည် ကစ်ဆင်းဂျား၏ စာအုပ်တွင် ပါရှိသော ခေါင်းဆောင်ခြောက်ယောက်၏ ခေါင်းဆောင်မှု သုံးသပ်ဖော်ပြချက်များကို တစ်ဦးချင်းစီ ခွဲထုတ်၍ ထုတ်ဝေမည့် အတွဲစဉ်အနက် ဒုတိယမြောက် ထုတ်ဝေသည့် စာအုပ်လည်းဖြစ်သည်။

